nystateofhealth™
The Official Health Plan Marketplace

အချက်အလက်စာရွက်



# အခြားနိုင်ငံမှ ရွှေ့ပြောင်း ဝင်ရောက်လာသူများအတွက် ကျန်းမာရေး

## အာမခံအတွက်လျှပ်တပြက်အချက်အလက်များ

**NY**ပြည်နယ်ကျန်းမာရေးသည် ကျန်းမာရေးအစီအစဉ်များအတွက် အွန်လိုင်းဈေးကွက်တစ်ခုဖြစ်သည်။ လူတိုင်းဤဈေးကွက်ကိုလာရောက်၍ ရနိုင်သည့်အရာများကိုကြည့်ရှုသင့်ပါသည်။

သင်မည်သည့်နေရာ၌ မွေးဖွားခဲ့သည်ဖြစ်စေ၊ **NY**ပြည်နယ်ကျန်းမာရေးမှ သင့်အားအကူအညီပေး နိုင်ပါသည်။

**nystateofhealth.ny.gov**
ဖြင့်အွန်လိုင်းမှဆက်သွယ်နိုင်သည်
။

**1-855-355-5777**
ဖြင့် ဖုန်းမှဆက်သွယ်နိုင်သည်။

**TTY**
**1-800-662-1220**

## NY ပြည်နယ်ကျန်းမာရေးအတွက် သင်သိထားသင့်သော အရေးကြီးအချက်၄ခု

### 1 သင်ကျွန်ုပ်တို့အားပေးထားသော အချက်အလက်များကို မျှဝေမည်မဟုတ်ပါ။

သင် NY ပြည်နယ်ကျန်းမာရေးနှင့် ၎င်း၏အကြံပေးပုဂ္ဂိုလ်အား ပြောထားသည့်အရာများကို လျှို့ဝှက်ထားမည်ဖြစ်သည်။ ကျန်းမာရေးအစီအစဉ်တွင်အမည်ပေးစာရင်းသွင်းရန်အတွက် သင်ကျွန်ုပ်တို့အားပေးထားသော အချက်အလက်များကို မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မျှဝေမည်မဟုတ်ပါ။ ထို့အတူ ၎င်းတို့အား အခြားရည်ရွယ်ချက်အတွက်လည်း အသုံးပြုမည်မဟုတ်ပါ။

### 2 သင်နှင့် သင့်မိသားစု ဤနိုင်ငံသို့မည်သို့ဝင်ရောက်လာသည်ဖြစ်စေ သင့်အနေ နှင့်အကူအညီရရှိမည်ဖြစ်သည်

သင့်တွင်လူဝင်မှု ကြီးကြပ်ရေးစာရွက်စာတမ်းများမရှိသည်ဖြစ်စေ သင်၏မိသားစုဝင်များ ဤနိုင်ငံသို့ မတူညီသောနည်းလမ်း များ ဖြင့် ဝင်ရောက်လာသည်ဖြစ်စေ၊ သင့်အနေနှင့် အားလုံးအတွက် လျှောက်လွှာတစ်ခုသာဖြည့်ပေးရန်လိုအပ်ပါသည်။ ထို့အတူ သင့်အခြေအနေ မည်သို့ပင်ရှိသည်ဖြစ်စေ၊ သင့်အနေနှင့် အရေးပေါ် မက်ဒီကိတ် (Medicaid) နှင့် သင့်ကလေးငယ်များအတွက် (ကလေးငယ်ကျန်းမာရေးအထူး Child Health Plus) ပုံမှန်ကျန်းမာရေး အကူအညီရရှိနိုင်မည်ဖြစ်ပါသည်။

### 3 သင်ဘာသာစကားအများအပြားဖြင့်အကူအညီရယူနိုင်ပါမည်။

- ကျွန်ုပ်တို့၏ဖုန်းလိုင်းအား တာဝန်ယူဖြေဆိုသူများသည် ဘာသာစကားအများအပြားပြောဆိုနိုင်ပါသည်။ အကယ်၍ ၎င်းတို့မှ သင့်ဘာသာစကားပြောဆိုခြင်းမရှိလျှင် သင့်အတွက် ဘာသာပြန်တစ်ယောက် ခေါ်ယူ ပေးပါမည် ။
- ကျွန်ုပ်တို့မှာ သင့် အသိုင်းအဝိုင်းမှ လေ့ကျင့်မှုပေးထားသော သင့်ဘာသာစကားပြောဆိုသူများ ရှိပါသည်။ အကယ်၍သင်အလိုရှိခဲ့လျှင်သူ တို့မှ သင်နေထိုင်သော သို့မဟုတ် သင်အလုပ်လုပ်သောနေရာသို့ လည်း လာရောက်နိုင်ပါသည်။

### 4 သင်ပုံစံအမျိုးမျိုးဖြင့် အကူအညီရယူနိုင်ပါသည်။

သင် အွန်လိုင်း၊ သို့မဟုတ် ဖုန်း သို့မဟုတ် သင့် အသိုင်းအဝိုင်းမှ လူကိုယ် တိုင် အကူအညီရယူနိုင်ပါသည်။ ကျွန်ုပ်တို့၏ လေ့ကျင့်ပေးထားသောအကြံပေးပုဂ္ဂိုလ်များသည် သင်ကျန်းမာရေးအစီအစဉ်ရွေးချယ်ရာတွင်ဖြစ်စေ၊ အမည်ပေးစာရင်းသွင်းရာတွင်ဖြစ်စေ၊ အဆင့်ဆင့်လိုက်လံကူညီပေးမည်ဖြစ်သည်။

- **nystateofhealth.ny.gov** ဖြင့်အွန်လိုင်းမှဆက်သွယ်နိုင်သည်။
- **1-855-355-5777**ဖြင့် ဖုန်းမှဆက်သွယ်နိုင်သည်။ **TTY 1-800-662-1220**